# ACC Against COVID-19




အစီအစဉ် (၆၉)

## အလေးပေးဂရုပြုရမည့် လိင်ပိုင်းဆိုင်ရာအဂတိလိုက်စားမှု

တင်ပြသူ
မြတ်ဆုသင်း

လိင်ပိုင်းဆိုင်ရာအဂတိလိုက်စားမှုဆိုသည်မှာ
ထိရှလွယ်ပြီးကိုင်တွယ်ရခက်ခဲသည့်
အဂတိလိုက် စားမှုတစ်မျိုးဖြစ်ပါသည်။
လိင်ပိုင်းဆိုင်ရာအဂတိလိုက်စားမှုတွင်
လုပ်ပိုင်ခွင့်ရာထူးအာဏာကို အသုံးချကာ
ငွေကြေး၊တံဆိပ်လက်ဆောင်များရယူသကဲ့သို့
အမျိုးသား/အမျိုးသမီးများထံမှ လိင်ပိုင်းဆိုင်ရာ
အခွင့်အရေးများကိုတံဆိပ်လက်ဆောင်သဖွယ်ရယူခြင်း
ဖြစ်ပါသည်။





၎င်းအဂတိလိုက်စားမှုများ
(လိင်ပိုင်းဆိုင်ရာအရှုပ်တော်ပုံ)သည် နေရာဌာန
အမျိုးမျိုးတွင်ဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့်
လုပ်ငန်းခွင်များတွင် ရာထူးတိုးရေးကိစ္စများ၊
အထက်လူကြီး၏ မျက်နှာသာရရေး ကိစ္စများ၊
လူဝင်မှုကြီးကြပ်ရေးကိစ္စ ကိုင်တွယ်သော
နေရာများ၊ ဒုက္ခသည်ကယ်ဆယ်ကူညီရေး
နေရာများတွင် အများဆုံးဖြစ်ပွားလေ့ရှိပါသည်။

အခြားသောအဂတိလိုက်စားမှုနှင့်အဓိက မတူညီသည့်
ကိစ္စမှာနှစ်ဦးနှစ်ဖက်မှကျေနပ်သဖြင့်
လူသိရှင်ကြားတိုင်တန်းမှုမပြုလုပ်ခြင်း၊
နစ်နာသူဘက်မှတိုင်တန်းရန်ရှက်ရွံ့ခြင်း၊ ကျူးလွန်သည့်
လုပ်ပိုင်ခွင့်အာဏာရှိသူများသည်
အခြေအနေအားလိုသလိုဖန်တီးပုံဖော်နိုင် စွမ်းရှိခြင်း၊
ကျူးလွန်မှု မြောက်/မမြောက်ဆိုသည့်ဥပဒေကြောင်းအရ
အဓိပ္ပာယ်ဖွင့်ဆိုချက်အား လက်တစ်လုံးခြားလုပ်နိုင်
သည့်သဘောသဘာဝရှိခြင်းကြောင့်
ကိုင်တွယ်ရခက်ခဲပါသည်။





လူ့အခွင့်အရေးအားနည်းသည့်နိုင်ငံများ၊
ပဋိပက္ခဖြစ်ပွားနေသောနိုင်ငံများ အပြင်
ဖွံ့ဖြိုးပြီးနိုင်ငံ များတွင်ပင်
ၵင်းအဂတိလိုက်စားမှုမျိုးကို တွေ့ရှိရပါသည်။
၂၀၁၉ခုနှစ်တွင် နော်ဝေနိုင်ငံမှ
ဝန်ကြီးဟောင်းတစ်ဦးဖြစ်သူ Mr. Svein
Ludvigsen သည် နော်ဝေနိုင်ငံ၌ အမြဲတမ်းနေထိုင်
ခွင့်(Permanent Residency)ရယူလိုသည့်
အမျိုးသမီး(၃)ဦးထံမှ လိင်ပိုင်းဆိုင်ရာတောင်းခံမှု
အတွက် ထောင်ဒဏ် (၅)နှစ်ကျခံခဲ့ရပါသည်။






COVID-19 ကပ်ရောဂါကာလအတွင်း၌ လိင်ပိုင်းဆိုင်ရာအဂတိလိုက်စားမှုများ တိုးမြင့်လာနိုင်ခြေရှိသည်ဟု Transparency International ကပြောကြားပါသည်။

၂၀၁၄-၂၀၁၅ ခုနှစ်တွင် အနောက်အာဖရိကရှိ အီဘိုလာရောဂါ (Ebola outbreak)ဖြစ်ပွားရာတွင် ကယ်ဆယ်ရေး လုပ်သားများနှင့်အစိုးရဝန်ထမ်းများက ဒုက္ခသည်အမျိုးသမီးများထံမှ လိင်ပိုင်းဆိုင်ရာ အဂတိလိုက်စားမှုများ ကျူးလွန်ခဲ့သည်ဟုဖော်ပြထားပါသည်။

လိင်ပိုင်းဆိုင်ရာအခွင့်အရေးတောင်းဆိုခြင်း
သည် အဂတိလိုက်စားမှုတစ်မျိုးဖြစ်
သော်လည်း အခြားသောအဂတိ
လိုက်စားမှုများဖြစ်သည့်
လာဘ်ပေးလာဘ်ယူမှု၊ အလွဲသုံးစားမှုကဲ့သို့
သောကိစ္စရပ်များကိုတိုင်းတာသည့်
အဂတိလိုက်စားမှုဆိုင်ရာညွှန်းကိန်းများ
(Corruption Perception Index)
တိကျစွာမရှိသေးကြောင်း
၂၀၁၉တွင်ပြုလုပ်သည့် International
Anti-Corruption Conference တွင်
ဖော်ပြထားပါသည်။









ထို့အပြင် လိင်ပိုင်းဆိုင် ရာအဂတိလိုက်စားမှုသည်
အသေးစားအဂတိလိုက် စားမှုပုံစံဖြင့်
တွေ့ရှိရသော်လည်း ရရှိသည့်အခွင့်
အရေးအကျိုးအမြတ် အပေါ်မှုတည်ကာ
သဘောသဘာဝ ပြောင်းလဲတတ်ကြောင်း
နှင့်၎င်းကိစ္စ သည် ရှုပ်ထွေး ကျယ်ပြန့်မှုနှင့်
ဆိုးကျိုးသက် ရောက်မှုမှာတိုင်းတာရ
ခက်ခဲကြောင်း OECD မှဖော်ပြ ထားပါသည်။

လိင်ပိုင်းဆိုင်ရာအဂတိလိုက်စားမှုပါဝင်သည့် ကျား/မရေးရာအခြေပြု အဂတိလိုက်စားမှုတိုက်ဖျက်ရေးမူဘောင်ရေးဆွဲရေး၊ လိင်ပိုင်းဆိုင်ရာ အဂတိလိုက်စားမှု ဥပဒေရေးရာမူဘောင် ရေးဆွဲရေး၊ ကျား/မလိင်ပိုင်းဆိုင်ရာပြဿနာများအပေါ်အစီရင်ခံရာတွင် လျှို့ဝှက်စွာဆောင်ရွက်နိုင်ရေးအစီအမံ (Confidential and gender–sensitive reporting mechanism)နှင့် ၎င်းကိစ္စအပေါ် သုတေသနပြုလုပ်ခြင်း၊ Survey ကောက်ယူခြင်းများကို ဖြစ်ပွားနိုင်ခြေများသောနိုင်ငံများတွင်ပြုလုပ်ရန် ပညာရှင်များက ထောက်ပြထားပါသည်။






လိင်ပိုင်းဆိုင်ရာအဂတိလိုက်စားမှုတွင်
နစ်နာသူသည်အမျိုးသမီး/အမျိုးသားများ
သာမကဘဲ ဖြစ်ပွားရာအဖွဲ့အစည်း
အတွင်းရှိ အဖွဲ့အစည်းဆိုင်ရာ ယဉ်ကျေးမှု
(Organizational Culture)ကို
ထိခိုက်စေပါသည်။ ဤသို့ ရှုပ်ထွေးလှပြီး
တိတ်တဆိတ် ဖြစ်ပွား လေ့ရှိသော
လိင်ပိုင်းဆိုင်ရာ အဂတိလိုက်စားမှုကို
ဂရုပြုအလေးပေးသင့်
ကြောင်းတင်ပြလိုက်ရပါသည်။

# ကိုးကားသည့်စာစောင်များ

1. **Sextortion : A crime of corruption and sexual exploitation**
2. **Covid-19 makes women more venerable to corruption (Transparency international)**
3. **The deafening silence around sextortion (Transparency international)**
4. **India’s futile attempt to root out sextortion through anti-corruption legislation**